# မာတိကာ ၀


၁။ တောင်မှ မြစ်၊ မြစ်မှ ပင်လယ်သို့ ၁
၂။ ဖွဲ့လိုသော ကဗျာတစ်ပုဒ် ၅
၃။ ငါ့နေရာ ၉
၄။ ကောက်သစ်ပေါ်ချိန် ၁၃
၅။ မတ်လခံစားမှု ၁၆
၆။ အိုဘယ့် သုခမိန် အသို့နည်း ၂၀
၇။ နွေရက်၏ တစ်ညနေ၌ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ခြင်း ၂၄
၈။ သတ်၍မရသော သင် ၃၀
၉။ အိပ်မပျော်သောည ၃၂
၁၀။ ချောက်အိပ်မက် တရေးနိုးစ ၃၄
၁၁။ ထောင်ဖော်အကျဉ်းသားၵ ဝါးပုလွေသံ ၃၈
၁၂။ ကိုယ့်ဘဝ ကိုယ့်အလှ ၄၀
၁၃။ မွေးနေ့လက်ဆောင် ၄၃
၁၄။ အချစ်နှင့်အမုန်း ၄၇
၁၅။ ကုံကော်ပြသနာ ၄၉
၁၆။ မောင်းထောင်းသံနာခံယင်း ၅၃
၁၇။ Listening to the rice pounding ၅၅
– စာတမ်းလေ့လာပြုစုချက်တစ်ခု ဖန်တီးလက်ရာ ၅၇
– သိန်းဖေမြင့်၏ သူတို့လင်မယား ၃၄ နှစ် စာအုပ်ဝေဖန်ချက် ဖန်တီးလက်ရာ ၆၄
– ခေတ်ပုံမှတ်တမ်းများ ၆၉



## သတ်၍မရသော သင်

ဤမြေကြားမှ
ပေါက်ဖွားတိုးထွက်၊ ရွက်ညွှန့်ရိုးရှည်
ရွှန်းစည်လှပ၊ စိမ်းမြမြလျှင်
အညတရ လူထုများတည့်။

သူ့အပေါ်သို့
ကျော့်ဖြတ်ခေတ်ပေါင်း၊ လမ်းကြောင်းအဆင်း
မြင်းတပ် ဆင်တပ်၊ လှည်းတပ်ဝန်အား
ပုလိပ်ကားနှင့်၊ စစ်သားဖိနပ်
သံချပ်ကာဘီး၊ ဒီးဒီးမဆိတ်
လမ်းကြိတ်စက်ရောက်၊ ပေါက်တူးမြေလှန်
စုန်ဆန်ခုတ်ရှင်း၊ ဝိုးဝိုးဝင်းမျှ
နှင်းပြားမြက်ပင်ကလေးများ။

အောက်ဆုံးလွှာမှ
ခြေရာထပ်သိပ်၊ ဖိနှိပ်ညှဉ်းဒဏ်
တန်တန်ခံလည်း၊ အုံ့ရိုးဖွယ်ရာ
မြေမှာရေစွတ်၊ တစ်စက်ဆွတ်က
စိမ်းဖတ်နုသစ်၊ ပင်မြစ်မသေ
ပြန်၍ ဝေစို၊ ပျိုမျစ်စွမ်းအား
ခါးရိုးမညွှတ်၊ မတ်မတ်ရပ်သည်
သတ်၍မရသော သင်ပင်တကား။ ။

ဆေးသိပ္ပံ(၂)၊ ၁၉၆၈


သတ်၍မရသော သင်

ဤမြေကြားမှ
ပေါက်ဖွားတိုးထွက်၊ ရွက်ညွှန့်ရိုးရှည်
ရွှန်းစည်လှပ၊ စိမ်းမြမြလျှင်
အညတရ လူထုများတည့်။ ။

သူ့အပေါ်သို့
ကျော့်ဖြတ်ခေတ်ပေါင်း၊ လမ်းကြောင်းအဆင်း
မြင်းတပ် ဆင်တပ်၊ လှည်းတပ်ဝန်အား
ပုလိပ်ကားနှင့်၊ စစ်သားဖိနပ်
သံချပ်ကာဘီး၊ ဒီးဒီးမဆိတ်
လမ်းကြိတ်စက်ရောက်၊ ပေါက်တူးမြေလှန်
စုန်ဆန်ခုတ်ရှင်း၊ ဝိုးဝိုးဝင်းမျှ
နှင်းပြားမြက်ပင်ကလေးများ။ ။

အောက်ဆုံးလွှာမှ
ခြေရာထပ်သိပ်၊ ဖိနှိပ်ညှဉ်းဒဏ်
တန်တန်ခံလည်း၊ အုံ့ရိုးဖွယ်ရာ
မြေမှာရေစွတ်၊ တစ်စက်ဆွတ်က
စိမ်းဖတ်နုသစ်၊ ပင်မြစ်မသေ
ပြန်၍ ဝေစို၊ ပျိုမျစ်စွမ်းအား
ခါးရိုးမညွှတ်၊ မတ်မတ်ရပ်သည်
သတ်၍မရသော သင်ပင်တကား။ ။